၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁)ရက်မှ (၇)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၃	
၂	ဧရာဝတီ	၁	
၃	ရန်ကုန်	၁	
၄	ကရင်	၁	
၅	တနင်္သာရီ	၃	
၆	မန္တလေး	၂	
၇	ရှမ်း	၂	
၈	ပဲခူး	၆	
၉	ကယား	၁	
၁၀	မကွေး	၁	
	စုစုပေါင်း	၃၁	

ဩဂုတ်လ (၁)ရက်မှ (၇)ရက်နေ့အတွင်း တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့မှ ပြည်သူ (၆၀)နီးပါးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ ဩဂုတ်လ (၇)ရက်နေ့တွင် စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်ကို လေကြောင်းအသုံးပြု ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်နှင့် ကချင်ပြည်နယ်၊ ရွှေကူမြို့ အကြား ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာအချို့ကို စစ်အာဏာရှင်တပ် သားများ၏ သင်္ဘောများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် လူငယ်များကို ပစ်မှတ်ထားပြီး YBS ကားများပေါ် အထိ တက်ရောက်စစ်ဆေးမှုများ ပြုလုပ်လာခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁)ရက်မှ (၇)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နည်းလမ်းများ	အကြိမ်ရေ	မှတ်ချက်
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၄	
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၇	
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၂၀	
၄	ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် သေဆုံးခြင်း	၉	
၅	ရုံးကြဲတိုက်ခိုက်ခြင်း	၁	
၆	ဖမ်းဆီးခံရခြင်း	၁	
၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၂	
၈	အသက်မပြည့်သေး ကလေးများ ထိခိုက်ခြင်း	၁	
၉	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၆	
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ဖျက်/ဖျက်ဆီးခြင်း	၅	
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်/ဖျက်ဆီးခြင်း	၄	
၁၂	လေကြောင်းအသုံးပြုခြင်း	၁	
၁၃	အာဏာပြ ခြိမ်းခြောက်ခြင်း/ အဓမ္မထုတ်ပြန်ကြော်ငြာခြင်း	၁	
၁၄	နေရပ်ဒေသ စွန့်ခွာရခြင်း	၆	
၁၅	အသက်မပြည့်သေး ကလေးများ ထိခိုက်ခြင်း	၁	
၁၆	ရေယာဉ်ဖြင့် ပစ်ခတ်ခြင်း	၁	
၁၇	ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် သေဆုံးခြင်း	၂	

ပဲခူးတိုင်းဒေသကြီး သာယာဝတီထောင် နှင့် ဒိုက်ဦးထောင်တို့တွင် နိုင်ငံရေး အကျဉ်းသားများ ကို စစ်အာဏာရှင်လက်အောက်ခံ အကျဉ်းဦးစီးဌာနက ရိုက်နှက် နှိပ်စက်ခဲ့ပြီး တိုက်ပိတ်ထားခဲ့သည်။ စစ်အာဏာရှင် တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ကလေးငယ် (၁)ဦး သေဆုံးခဲ့ပြီး (၁)ဦး ထိခိုက်ဒဏ်ရာရ ရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ စစ်ကြောင်းထိုးဝင်ရောက်မှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီး မှ ဒေသခံပြည်သူများ နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ ပြုလုပ်ခဲ့ရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram